# ခြေရာ
# လက်ရာ

လက်ရွေးစင်ကဗျာများစုစည်းမှု

## မောင်စီဂါ

# ကျေးဇူးစကား

ဒီစာအုပ်ဖြစ်မြောက်ဖို့ တတ်နိုင်သလောက် ကူညီပေးခဲ့ကြသော ကိုရွှေး၊ ကိုကျော်ရဲ၊ ညီလင်းနိုင်နဲ့ သက်ငြိမ်သစ်တို့ကို အထူးကျေးဇူးတင်ပါတယ်လို့ ဒီနေရာကနေ ပြောကြားလိုက်ပါတယ်။

# အချစ် (၅)

ယောက်ျားတစ်ယောက်ရဲ့ နှလုံးသားဆီရောက်ဖို့
အစာအိမ်ကနေတစ်ဆင့်သွားရသတဲ့
အမျိုးသားတစ်ယောက်ရဲ့ကိုယ်ထဲမှာ
အမျိုးသမီးတစ်ယောက် ပိတ်မိနေတယ်
အစားအသောက်ဖွယ်ဖွယ်ရာရာလေးတွေ သူ့ဆီ
သူမပို့ပေးတယ်...။
လေညှင်းကပွတ်သပ်သွားလို့
ဖွာရရာကျဲသွားတဲ့ ဆံနွယ်ဆံစတွေ
လိုးရှင်းလိမ်းထားတဲ့ လည်တိုင်ကျော့ကျော့
စပါးနှံပုံတက်တူးထိုးထားတဲ့ဗိုက်သားလှလှနဲ့
အထီးကျန်သူမညနေခင်းတွေအပါအဝင်
ရှင့်ကိုသိပ်သတိရနေပါတယ်ဆိုတာတွေအားလုံး
ကမ်းခြေကို ပုတ်နေတဲ့ လှိုင်းအိအိကလေးတွေလို
သူမနှုတ်ခမ်းသားနုနုနဲ့ သူ့အစာအိမ်ကို
တအားဆောင့်နင်းချလိုက်တယ်...။
အလင်းရောင်တွေမီးပွင့်တွေလိုဖွာထွက်ကုန်တယ်
နှုတ်ခမ်းယောင်ဆောင်ထားတဲ့ အစာအိမ်နဲ့
အစာအိမ်ယောင်ဆောင်ထားတဲ့ နှုတ်ခမ်းဝင်ဆောင့်မိ
အိမ်ယာခင်းဖြူဖြူပေါ်
တစ်စစီရန်းကန်ပြန့်ကျဲဖို့ အရှိန်ရသွားတဲ့
ခန္ဓာကိုယ်အစိတ်အပိုင်းတွေထဲက
သူတို့ရဲ့လှိုင်းတွေ...။

# ညဥ့်လယ်ယံစိုက်ခင်း

ရည်ရွယ်ပြီး မမှားခဲ့တော့
ငါနောင်တမရဘူး
ငါ့ကို တဒီးဒီးလှီးသွားတဲ့ လေညင်းမှာ
ငါ့နာမည် ပဲ့ပါမသွားရုံ
တိတ်တဆိတ်စောင့်မျှော်နေဆဲ လရောင်
အမှောင်နဲ့ တလက်လက်တောက်ပနေသော
စိုက်ခင်းကလေးနဲ့
ငါဆွဲထုခဲ့သော သီးနှံများ
ကရုဏာနဲ့ သီးရုံပွင့်ရုံ
စိတ်ကိုဆတ်ခနဲ ဆွဲအလှည့်မှာ
ဆာလောင်မှုဟာ အသားညှပ်ပေါင်မုန့်ပေါ်
ဖျောက်ခနဲ ကျိုးကျသွားပါတယ်
ကျွန်တော်မိုက်မဲခဲ့မှုများ
ကျွန်တော့်လေ့ကျင့်ခန်းစာအုပ်ထဲကလို သင်ခန်းစာများ
ကျွန်တော့်မျက်ရည်နဲ့ ဆောက်လုပ်ခဲ့သော
ပျော်ရွှင်ဖွယ်ရာ နှစ်ကာလများ
အားလုံးဟာ မြောက်ပြန်လေအတိုင်း
ကျွန်တော့်သွေးထဲ မီးလိုလောင်
ကျွန်တော့်စိတ်နဲ့ပြန်ဖွင့်မယ့် လရောင်ကို
လေးကိုင်းလို ဆွဲညွတ်ကြည့်လိုက်တော့
အမှောင်တွေ ပန်းထွက်နေတဲ့ ညထဲ
စိုက်ခင်းကလေးစိုက်ဝင်နေပုံမှာ
စိတ်ရှိလက်ရှိ

ဝေဝေဆာဆာ။ ။

မြားနတ်မောင်မဂ္ဂဇင်း၊ ဇူလိုင်လ၊ ၂၀၀၂ ခုနှစ်

# အထီးကျန်

မင်းအတွေးအခေါ်က
အရောင်မထွက်ဖူးတဲ့
ဒီလို ထိမိစမ်းမိဖို့
ကျွန်တော် ချီတက်လာတာမှမဟုတ်တာ
လျှပ်စီးရောင်တလက်လက်
ပန်းခင်းထဲကရနံ့တွေ ရောင်ကိုင်းလာတဲ့အထိ
လောကမံ ငါ့အပေါ် ထစ်ခြုန်းပုံ စောင်းနင်းတယ်
အရွယ်အစားအမျိုးမျိုး
အရောင်အသွေးအမျိုးမျိုးနဲ့
ပင်လယ်ခရုတွေ
အာရုံကိုစူးစေတာကလွဲပြီး
ဘာမှအဆန်းတကြယ် ချူးခပ်မပေးဘူး
တမျှော်တခေါ် ငေးကြည့်မိသမျှ
ရှုခင်းတွေကလည်း အရွယ်မတင်ဘူး
ခင်ဗျားတို့ ပြောသလောက်
မကွေ့ကောက်ဘဲ
ကျွန်တော်ထင်သလောက်
ဖြောင့်တန်းလှပတဲ့မြစ်ဆီ ပြန်လာခဲ့တယ်
သဘာဝ တရားဟာ စိမ်းစိမ်းစိုစို
နေလုံးနီနီက ကန်သင်ရိုးအစပ်မှာ ဖူးလို့ပွင့်လို့
ကျွန်တော်လွှတ်တင်လိုက်တဲ့ သီချင်းကလေး
ပျံလွှားငှက်ကလေးနဲ့တိုက်ပြီး ပြန်ကျလာခဲ့
ကြိုးကောင်ဝင်စဆည်းဆာကို မော့ကြည့်ရင်း

ကျွန်တော်တစ်ယောက်တည်းလဲ ပျော်ပါတယ်။

# အရက်ဆိုင်ထဲမှာ တစ်နာရီ

စကြာဝဠာကြီးမှာ
သာမန်ငါးတစ်ကောင် မဖြစ်ချင်ဘူးတဲ့
မုတ်ဆိတ်ရိပ်ဓားကို
ခါးပတ်ခေါင်းလုပ်ထားတဲ့ ဂြိုလ်သားနဲ့
အရက်ဆိုင်ထဲမှာ တစ်ဝိုင်းတည်း
အဆုံးထိ ပျံသန်းကြဖို့
ဓားမြောင်ကို စားပွဲပေါ်စိုက်ချလိုက်တော့
ငှက်တွေ တဖျတ်ဖျတ်လန့်ပျံကြတယ်
ငါတို့
ရှားမတ်ခ်ဟောနီဆီ သွားမယ်
ဗစ်တာဟူးဂိုးဆီ သွားမယ်
နယူးဂီနီကျွန်းကို သွားမယ်
လော့စ်အိန်ဂျလိ(စ်) ကို သွားမယ်
ဟဲမင်းဝေးဆီကို သွားမယ်
နောက်ဆုံး
ကိုလံဘတ်ရှာမတွေ့ခဲ့တဲ့
တောင်ပေါ်မြို့ကလေးက
စက်ပြင်ဆရာရဲ့ အိမ်ကလေးဆီသွားဖို့လည်း
အမှန်တကယ်လိုအပ်တာပဲ
ငါတို့ တထိတ်တလန့်ဖြစ်မိတာ
လူစကားပြောတတ်ပြီး
လူသားအသည်းနှလုံးဟောက်ပက်နဲ့
ဂြိုလ်ကမ္ဘာဆီကိုပါ

ဒါနဲ့
စားမြောင်ကို ဆွဲနှုတ်လိုက်တော့
ငှက်တွေတဖျတ်ဖျတ်ပျံလာပြီး နားကြတယ်
အပြင်မှာ
မိုးကျသံ
တဖြောက်ဖြောက်။ ။

ရယ်စရာမဂ္ဂဇင်း၊ အမှတ် (၄၃)၊ မတ်လ၊ ၁၉၉၉ ခုနှစ်